

သတင်းစာဆရာ၊ စာရေးဆရာတို့၏ ပညာမာနနှင့် အတ္တမာနတို့သည် ကျွန်တော်၏ သန္တာန်၌လည်း အကြောင်းအလျှည့် ကြုံသည့်အခါ ထောင်းခနဲ ထောင်တက်လာပါသည်။ သို့သော် သတင်းစာဆရာ၊ စာရေးဆရာမှန်သမျှကို ကျွန်တော် အသိအမှတ်ပြုရုံသာမက လေးလည်း လေးစားပါသည်။ အချို့လူငယ် စာရေးဆရာများကို ကျွန်တော် လူချင်းမသိသော်လည်း သိသည့်နှင့်တစ်ပြိုင်နက် ထိုက်သင့်သော လေးစားသမှု ပြုပါသည်။ ကျွန်တော့်ကို လေးစားသမှုပြုကြသည့်အတွက်လည်း ကျွန်တော်က ကျေးဇူးတင်ပါသည်။

တက်တိုး

ကိုယ်ဖော်ချင်တဲ့ရုပ်လုံးကို မြဲမြဲဆုပ်ကိုင်ပြီး ပီပီကြီး ဖော်နိုင်ဖို့၊ ကျစ်လျစ်မှုရှိဖို့၊ အမြုပ်ထနေတဲ့တာ၊ ပွရောင်းရောင်း ပေါ်နေတဲ့ပုံ၊ ခြူးရှုပ်ရှုပ် ပါနေတာ များ၊ တစ်နွယ်ငင်လို့ တစ်စင်ပါနေတဲ့စာတွေကို နှမြောမနေဘဲ လှီးဖြတ် သုတ်သင်ပယ်ရှားနိုင်ရပါမယ်။ ဒါဟာ ကျွန်မကိုယ်ကျွန်မ အမြဲတမ်း သတိပေးနေ၊ ဆုံးမနေရတဲ့ ကိစ္စပဲ။ ဒီကြားထဲကပဲ နှမြောစရာကလေးတွေက ပါပါလာသေးလို့ နှမြောပြီး မဖြတ်လိုက်မိတာတွေလည်း ရှိပါတယ်။

လူထုဒေါ်အမာ

ဆရာကြီးသည် အခန်းထဲမှာ ကဗျာသက်သက်ရေးသူ မဟုတ်ပေ။ မှန်တံခါးအတွင်းမှာနေ၍ လယ်ထွန်စက်ကိုဖွဲ့သော လယ်သမား၊ အလုပ်သမား တံဆိပ်တပ် သူခမိန် မဟုတ်ပေ။ ဆရာကြီးသည် ပြည်သူကြား၌နေကာ ပြည်သူတို့၏ ရင်ခုန်သံကို ဖော်ကျူးသည်။ ဆရာကြီး၏ အမျိုးသားလွတ်မြောက်ရေး ရဲတင်းသံကြောင့် ပြည်သူတို့ ရဲရင့်ရသည်။

ဒဂုန်တာရာ

ဥညွှသံသည် မြန်မာ့အသည်းနှလုံးကို တစ်မူထူးသော ဂီတသံဖြင့် နှိုက်ခတ်၏။ ဥညွှသံကြောင့် ရင်လှိုက်ဖိုရ၏။ သို့သော် ဝမ်းနည်းဖွယ်ရာတွေကြောင့် ရင်လှိုက်ဖိုရခြင်းမျိုး မဟုတ်ပါ။ ဥညွှသံကြောင့် လွမ်းဆွတ် တသရ၏။ သို့သော် နှမြောနာကြည်းဖွယ်ရာတွေကြောင့် လွမ်းဆွတ်တသ ရခြင်းမျိုး မဟုတ်ပါ။ အဟောင်းကိုစွန့်လည်း စွန့်ခွာလို၏။ တွယ်တာလျက်လည်းရှိ၏။ အသစ်ကို ကြိုလည်း ကြိုဆိုလက်ခံလို၏။ လန့်လည်း လန့်၏။ ထို့ကြောင့် အဟောင်းမှ အသစ်သို့ ကူးပြောင်းသောအခါ ရင်လည်း လှိုက်ဖိုရသည်။ လွမ်းလည်း လွမ်းဆွတ် တသရသည်။

သိန်းဖေမြင့်

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | တာရာ | တက္ကသိုလ်နေဝင်း | ၁ |
| ၂။ | အမည်များ၏ အရှုပ်တော်ပုံ | မင်းသုဝဏ် | ၁၁ |
| ၃။ | ရာဇဝတ်ကလျာ | မြကေတု | ၁၈ |
| ၄။ | အတ္တုပ္ပတ္တိရေးမယ်ဆိုရင် | လူထုဒေါ်အမာ | ၃၇ |
| ၅။ | သခင်ကိုယ်တော်မှိုင်းနှင့် နေခဲ့ရသောရက်များ | ဒဂုန်တာရာ | ၄၄ |
| ၆။ | သတင်းစာဆရာ၊ စာရေးဆရာ | တက်တိုး | ၅၈ |
| ၇။ | ဥညွှသံနှင့်အတူ | သိန်းဖေမြင့် | ၆၈ |
| ၈။ | မြန်မာ့ဗုဒ္ဓသုတေသန ကျောင်းတော်ကြီး | ပါရဂူ | ၇၄ |
| ၉။ | ဦးတင်အေး(ရှမ်းပြည်)နှင့် ကျွန်တော် | မင်းယုဝေ | ၈၄ |
| ၁၀။ | ရှေးမြန်မာအမျိုးသမီးများ | ဘသန်း(ဓမ္မိက) | ၉၄ |
| ၁၁။ | လတ္တာနှင့် လတ္တာလမ်း | မြင့်ဆွေ | ၁၀၄ |
| ၁၂။ | ငါးမည်ရ ဦးသိမ်းမောင် | မောင်သန်းဆွေ(ထားဝယ်) | ၁၁၅ |
| ၁၃။ | လွမ်းရသော စာရေးဆရာများ | လေးမြင့် | ၁၂၆ |
| ၁၄။ | သတင်းစာဆရာပီပီနှင့် | မြေနီသစ္စာ | ၁၄၄ |
| ၁၅။ | ရင်ဆိုင်ပါ၊ ထွက်မပြေးပါနှင့် | | ၅၅ |
| ၁၆။ | ကိုယ်လုပ်ချင်တာကို ဖြစ်အောင်လုပ်ပါ | | ၆၀ |
| ၁၇။ | စိတ်လေလွင့်မှာ စိုးပါသည် | | ၆၄ |
| ၁၈။ | ယုံကြည်မှုသည် တန်ဖိုး | | ၆၈ |
| ၁၉။ | သစ်မွေးစိုက်ပါ | | ၇၂ |
| ၂၀။ | ကိုယ်နှင့်အတူရှိနေစဉ်မှာ | | ၇၆ |
| ၂၁။ | အောင်မြင်မှု၏ သော့ချက် | | ၈၀ |
| ၂၂။ | သမိုင်းကိုလေ့လာပါ | | ၈၄ |
| ၂၃။ | နှုတ်စောင့်စည်းခြင်း | | ၈၈ |
| ၂၄။ | ဘာကြောင့်စာဖတ်ရမှာလဲ | | ၉၃ |
| ၂၅။ | သီတင်းကျွတ်တော့မည် | | ၉၇ |
| ၂၆။ | အလွမ်းနှာ | | ၁၀၁ |
| ၂၇။ | ဦးနှောက်မရှိသည့်ခေါင်း | | ၁၁၀ |